ISP ကပြင်ရုပ်ဝန်း

ISP EXPLAINER

China Studies

အမှတ်-၁ ၊ ၂၀၂၃ ခုနှစ် မတ် ၂၃ ရက်

# တရုတ်နိုင်ငံ၏ မဟာအဖွင့်အလှန်

## နယ်စပ်လုံခြုံရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပေါ် အာရုံစိုက်လာ

ISP-Myanmar က စုစည်းထားတဲ့ မြန်မာ-တရုတ်ဆက်ဆံရေး ရက်စဉ်မှတ်တမ်းကို အခြေခံပြီး ဒီကာလအတွင်း အာရုံစိုက်စရာဖြစ်ရပ်တွေကို ဖော်ပြပါမယ်။ ကိုဗစ်အလွန် **တရုတ်နယ်စပ်အဖွင့်မှာ နိုင်ငံဖြတ်ကျော်မှုခင်းတွေကို နှိမ်နင်းနိုင်ဖို့ တရုတ်နိုင်ငံဘက်က ကြိုးပမ်း**လာသလို မြန်မာ-တရုတ် နယ်စပ်တလျှောက်က တိုင်းရင်းသားလက်နက်ကိုင်တွေ (EAOs) နဲ့လည်း ပိုပူးပေါင်းဖို့ လုပ်လာပါတယ်။ တခါ မြန်မာ့နိုင်ငံရေးဖြစ်စဉ်ထဲ အနောက်နိုင်ငံတွေ အထူးသဖြင့် အမေရိကန်အစိုးရ ကြားဝင်လာမှာကို အထူးစိုးရိမ်နေပုံရပါတယ်။ တရုတ်အစိုးရဟာ **အထူးသံတမန်စေလွှတ်ပြီး စစ်ကောင်စီနဲ့ရော၊ မြောက်ပိုင်းမဟာမိတ်** EAOs **တွေနဲ့ပါ ပိုနီးကပ်တဲ့ဆက်ဆံရေး တည်ဆောက်လာ**ပါတယ်။ 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) နဲ့ မြောက်ပိုင်းမဟာမိတ်အပါအဝင် EAOs ခုနစ်ဖွဲ့ကလည်း **မြန်မာ့အရေး တရုတ်နိုင်ငံကြားဝင်မှုကို ကြိုဆို**လိုက်ပါတယ်။ တဖက်မှာလည်း မြန်မာနိုင်ငံမှာရှိတဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကြီးတွေ အကောင်အထည်ဖော်ဖို့ နိုင်ငံတော်အဆင့် ထိတွေ့တာ လျှော့ချထားပေမဲ့၊ **ယူနန်ပြည်နယ်အစိုးရကို ကြားခံပြီး ချဉ်းကပ်မှုပုံစံသစ်တွေ လုပ်လာ**ပါတယ်။

## အကြောင်းအရာ ၄၉ ခု အနှစ်ချုပ်

**၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်ကနေ မတ် ၁၆ ရက်အတွင်း** ISP-Myanmar က စုစည်းလေ့လာခဲ့တဲ့ မြန်မာ-တရုတ် ဆက်ဆံရေး ရက်စွဲမှတ်တမ်းတွေကို ပိုင်းခြားတဲ့အခါ အကြောင်းအရာ ၄၉ ခု ရှိခဲ့ပါတယ် **(ဇယား-၁ ကို ရှုပါ)**။ ဒီအကြောင်းအရာတွေထဲမှာ ပထဝီနိုင်ငံရေး၊ နိုင်ငံရေးဘောဂဗေဒနဲ့ သံတမန်ရေးဆိုင်ရာ ကိစ္စရပ်တွေ လွှမ်းမိုးခဲ့ပါတယ်။ ဒါတွေထဲကမှ **အာရုံစိုက်စရာ ဖြစ်ရပ်ငါးခု**ကို လိုရင်းတိုရှင်းဖော်ပြပါမယ်။

ဇယား-၁

### မြန်မာ-တရုတ်ဆက်ဆံရေးတွင် လွှမ်းမိုးခဲ့သည့်အကြောင်းအရာများ ဆန်းစစ်ချက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် - မတ် ၁၆ ရက်)

| စဉ် | အကြောင်းအရာ | ဖြစ်ရပ်အရေအတွက် |
|---|---|---|
| ၁။ | ပထဝီနိုင်ငံရေး | ၁၁ ခု |
| ၂။ | နိုင်ငံရေးဘောဂဗေဒ | ၁၂ ခု |
| ၃။ | သံတမန်ရေး | ၁၂ ခု |
| ၄။ | ကာကွယ်ရေးနှင့် လုံခြုံရေး | ၂ ခု |
| ၅။ | ပဋိပက္ခနှင့် ငြိမ်းချမ်းရေး | ၂ ခု |
| ၆။ | အပျော့ဆွဲအာဏာသြဇာ (soft power) | ၂ ခု |
| ၇။ | စီမံအုပ်ချုပ်မှု၊ မူဝါဒနှင့် စံနှုန်းဆိုင်ရာပေါင်းစည်းရေး | ၃ ခု |
| ၈။ | လူမှုရေးနှင့် လူ့အခွင့်အရေး | ၄ ခု |
| ၉။ | နိုင်ငံဖြတ်ကျော်မှုခင်းများ | ၁ ခု |
| | စုစုပေါင်း | ၄၉ ခု |

**စစ်အာဏာသိမ်းပြီးနောက်ပိုင်း တရုတ်၏ တုံ့ပြန်မှု ရက်စွဲမှတ်တမ်း**

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာ-တရုတ်ဆက်ဆံရေးကို လေ့လာရာ၌ အထောက်အကူဖြစ်စေရန် ISP-Myanmar က စုဆောင်းထားသော ရက်စွဲမှတ်တမ်း ➤

SCAN THIS CODE


## ၁။ နိုင်ငံဖြတ်ကျော်မှုခင်းများ ကိုင်တွယ်ရန် ကြိုးပမ်း

တရုတ်ရာဇဝတ်ဂိုဏ်းတွေကြောင့် ရပ်ဝန်းလမ်းကြောင်းစီမံကိန်းပုံရိပ် ထိခိုက်ရုံသာမက တရုတ်နိုင်ငံသားတွေရဲ့လုံခြုံရေးလည်း ခြိမ်းခြောက်ခံနေရပါတယ်။ ဒါကြောင့် နိုင်ငံဖြတ်ကျော်မှုခင်းကို ကိုင်တွယ်တဲ့အနေနဲ့ ဖေဖော်ဝါရီလအတွင်းမှာ ဟူဘေး၊ ဟူနန်နှင့် စီချွမ်းပြည်နယ်က ပြည်သူတွေကို မြန်မာအပါအဝင် ရှစ်နိုင်ငံကို ခရီးမသွားဖို့၊ မဖြစ်မနေ ခရီးသွားရမယ်ဆိုရင် သက်ဆိုင်ရာဌာနကို ခွင့်ပြုချက်တောင်းခံဖို့ အရေးပေါ်အမိန့် ထုတ်ပြန်ခဲ့ပါတယ်။ တရုတ်နိုင်ငံတော် တရားရုံးချုပ်ရဲ့ ၂၀၂၂ ခုနှစ် ထုတ်ပြန်ချက်အရ တယ်လီကွန်းနဲ့ အွန်လိုင်းလိမ်လည်မှုအပါအဝင်ကွန်ရက်အခြေပြုရာဇဝတ်မှုတွေဟာ တတိယအများဆုံး

ISP DATA MATTERS

ISP ကပြင်ရပ်ဝန်း

■ နိုင်ငံဖြတ်ကျော်မှုခင်းများ အခြေတည်ရာ နိုင်ငံတခုဖြစ်လာ



တရားခွင်ဖြစ်နေပါတယ်။ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်မှာလည်း ၂၀၂၂ ခုနှစ်အတွင်း **တယ်လီကွန်နဲ့ အွန်လိုင်းလိမ်လည်မှုပေါင်း ၃၁၉,၀၀၀** အပြင် **နယ်စပ်ဖြတ်ကျော် လောင်းကစားမှုပေါင်း ၃၇,၅၂၇ မှု**ကိုဖြေရှင်းခဲ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် နိုင်ငံဖြတ်ကျော် မှုခင်းတွေကိုင်တွယ်ဖို့ တရုတ်အစိုးရက ပြင်းပြင်းထန်ထန် ကြိုးပမ်းလာပါတယ်။ ဒါဟာ တရုတ်နိုင်ငံနဲ့ ထိစပ်နေတဲ့ မြန်မာနိုင်ငံအတွက်လည်း သတိပြုစရာ ဖြစ်ပါတယ်။

စစ်အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံဟာ နိုင်ငံဖြတ်ကျော်မှုခင်းများ အခြေတည်ရာ နိုင်ငံတခုဖြစ်နေပါတယ်။ မြန်မာ-ထိုင်း နယ်စပ်တလျှောက်မှာ ရွှေကုက္ကိုလ်မြို့သစ်လို နယ်စပ်မြို့သစ်တွေ ထပ်ပေါ်လာပြီး တရုတ်ရာဇဝတ်ဂိုဏ်းတွေ ဦးဆောင်နေတဲ့ ငွေကြေးလိမ်လည်မှုဂိုဏ်းများ၊ လောင်းကစားရုံများနဲ့ လူကုန်ကူးမှုကြီးစိုးရာ ဒေသသစ် ဖြစ်လာပါတယ်။ မြန်မာ-တရုတ်နယ်စပ် ‘ဝ’ ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ထိန်းချုပ်ရာဒေသတွေမှာလည်း လူကုန်ကူးမှုဖြစ်စဉ်တွေ ပိုများလာပါတယ်။ အဲဒီနယ်စပ်ဒေသတွေမှာ ထိုင်း၊ မလေးရှား၊ အိန္ဒိယ၊ ဖိလစ်ပိုင်နဲ့ ကင်ညာနိုင်ငံသားတွေပါ လူကုန်ကူးခံရပြီး တရားမဝင်လုပ်ငန်းတွေ စေခိုင်းခံနေရပါတယ် (ISP Insight Email **အထူးဖော်ပြချက် ‘မြေအုတ်တို့ပြိုလေရာ…’ကို ရှုပါ**)။ ဒါကြောင့် မြန်မာ-တရုတ် နယ်စပ်တကြောမှာရှိတဲ့ EAOs တွေနဲ့ တရုတ်အထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွန်းတို့ တွေ့ဆုံတဲ့အခါ **နယ်စပ်တည်ငြိမ်ရေးအပြင် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးတွေမှာ တရုတ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဖို့** ဖိတ်ခေါ်မှုတွေ လုပ်ခဲ့ပါတယ်။

## ၂။ တရုတ်အထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွန်း၏ ခရီးစဉ်

အမေရိကန်အစိုးရရဲ့ နိုင်ငံတော်ကာကွယ်ရေး အသုံးစရိတ်ဥပဒေ (NDAA) အတည်ပြုပြီးနောက်ပိုင်း တရုတ်နဲ့နီးစပ်တယ်လို့ အညွှန်းခံရလေ့ရှိတဲ့ EAOs တွေကို တရုတ်အစိုးရက ပိုမိုထိတွေ့ဆက်ဆံလာပါတယ်။ ၂၀၂၃ ခုနှစ်အတွက် NDAA ထဲမှာ မြန်မာနိုင်ငံက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) တွေနဲ့ ဒီမိုကရေစီအရေးဆောင်ရွက်နေတဲ့ အတိုက်အခံအဖွဲ့တွေကို ကျွမ်းကျင်မှုပိုင်းနဲ့ လက်နက်မဟုတ်သော ကူညီထောက်ပံ့မှုတွေပေးဖို့ ထည့်သွင်းထားပါတယ်။ ဒါကြောင့်ပဲ **မြန်မာ့နိုင်ငံရေးဖြစ်စဉ်ထဲ အမေရိကန်အစိုးရ ကြားဝင်လာမှာကို တရုတ်နိုင်ငံက အထူးစိုးရိမ်ပုံရ**ပါတယ်။

တရုတ်အစိုးရရဲ့ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာဆွန်းကော်ရှန်နေရာကို အစားဝင်လာတဲ့ မစ္စတာတိန့်ရှီကျွန်းဟာ တာဝန်ယူပြီး **သုံးလအတွင်းမှာပဲ မိုင်းလား၊ ဝနဲ့**

SCAN THIS CODE

မြေအုတ်တို့ပြိုလေရာ...

စစ်အာဏာသိမ်းမှုအကျိုးဆက်
ဆုတ်ယုတ်မှု ခုနှစ်ရပ်နှင့် လူ့အဖွဲ့အစည်းအတွက်
မျှော်လင့်ချက်အလင်းတန်း

SCAN THIS CODE

မစ္စတာဆွန်းကော်ရှန်

၂၀၁၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ
တာဝန်ယူခဲ့သော တရုတ်အစိုးရ၏
အာရှရေးရာအထူးကိုယ်စားလှယ်

**ကချင်အပါအဝင် ရှမ်းပြည်နယ်မြောက်ပိုင်းက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နဲ့ ရော စစ်ကောင်စီနဲ့ပါ နှစ်ကြိမ်တွေ့ခဲ့**ပါတယ် (ISP Insight Email **အမှတ် – ၁၀ ကို ရှုပါ**)။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈-၁၉ ရက်က တွေ့ဆုံမှုမှာ စစ်ကောင်စီနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတက်ဖို့၊ **အမေရိကန်ရဲ့ ကာကွယ်ရေးအထောက်အပံ့တွေ လက်မခံဖို့၊** EAOs **နယ်မြေတွေမှာ တရားမဝင်လုပ်ငန်းတွေ အခြေချလုပ်ကိုင်ခွင့်မပေးဖို့** EAOs ခေါင်းဆောင်တွေကို မစ္စတာတိန့်ရှီကျွန်းက တိုက်တွန်းခဲ့တယ်လို့ဆိုပါတယ်။ နယ်စပ်အခြေစိုက် EAOs အချို့ရဲ့ ထောက်ပံ့မှုကနေ[၁] အင်အားကြီးထွားလာတဲ့ ပြည်သူ့ကာကွယ်ရေးတပ်တွေကြောင့် နယ်စပ်တလျှောက် တိုက်ပွဲဖြစ်လာမှာ တရုတ်အစိုးရက လိုလားပုံမရပါဘူး။

မစ္စတာတိန့်ရှီကျွန်းဟာ ၂၀၂၃ ခုနှစ် မတ် ၆ ရက်မှာ နေပြည်တော်ကို ဒုတိယအကြိမ် သွားပြီး စစ်ကောင်စီဥက္ကဋ္ဌနဲ့ ထပ်တွေ့ပါတယ်။ ပုံမှန်တွေ့ဆုံချိန်တွေမှာ နယ်စပ်ဒေသ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးကိစ္စတွေကိုသာ အဓိကထား ဆွေးနွေးလေ့ရှိပေမဲ့ **စီးပွားရေး ကိစ္စ ထည့်ဆွေးနွေးခဲ့ခြင်းက ထူးခြား**ပါတယ်။ ကိုဗစ်အလွန် နယ်စပ်ဂိတ်တွေအဖွင့်မှာ ကုန်သွယ်ရေးပြန်ကောင်းဖို့နဲ့ စီးပွားရေးစကြံ့စီမံကိန်းတွေ အကောင်အထည်ဖော်ဖို့ တရုတ်နိုင်ငံဘက်က ပိုပြီးအာရုံစိုက်လာတာ၊ တခါ နယ်စပ်ဒေသတည်ငြိမ်တဲ့ အခြေအနေ ဖြစ်ဖို့ ဆန္ဒရှိနေတာတွေကို မစ္စတာတိန့်ရှီကျွန်းရဲ့တွေ့ဆုံမှု၊ ဆွေးနွေးမှုတွေမှာ မြင်သာစေပါတယ်။

---

၁ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) ၏ တပ်မဟာ ၆၁၁ တိုင်းရင်းသားတပ်မဟာ တည်ထောင်ခြင်း နှစ်ပတ်လည် အခမ်းအနားပြုလုပ်ခဲ့သည်။ MNDAA ၏ တပ်မဟာ ၆၁၁ သည် ညီနောင်မဟာမိတ်သုံးဖွဲ့၏ စုစည်းမှုပုံသဏ္ဍာန်တခုဖြစ်ပြီး၊ နွေဦးတော်လှန်ရေး၌ လက်နက်ကိုင်တိုက်ပွဲဝင်နေသော အဖွဲ့များထဲမှ တပ်ဖွဲ့ဝင်အချို့အား စစ်ပညာသင်ကြားပေးခြင်းအပြင် လက်နက်တပ်ဆင်ပေးမှုလည်း လုပ်ခဲ့သည်။

## ISP TIMELINE — ISP ကပြင်ရပ်ဝန်း

### ■ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှိကျွန်း၏ မြန်မာ့အရေးလှုပ်ရှားမှုများ

**၂၀၂၂ ခုနှစ် နိုဝင်ဘာ**
အာရှရေးရာအထူးကိုယ်စားလှယ်ရာထူးအတွက် မစ္စတာတိန့်ရှိကျွန်းအား ပြောင်းလဲခန့်အပ်။

**၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၄-၂၆**
ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) အဖွဲ့ဝင် EAOs ခုနစ်ဖွဲ့ထဲမှ တဖွဲ့ချင်းစီအား မစ္စတာတိန့်ရှိကျွန်းက မိတ်ဆက်သဘောအနေဖြင့် ယူနန်ပြည်နယ်သို့ ခေါ်ယူတွေ့ဆုံ။

**၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉-၃၀**
နေပြည်တော်သို့ မစ္စတာတိန့်ရှိကျွန်း သွားရောက်ပြီး စစ်ကောင်စီဥက္ကဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) ဥက္ကဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့အား တွေ့ဆုံ။

**၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈-၁၉**
အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (PSC/NDAA)၊ 'ဝ' ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSP/UWSA) နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIO/KIA) အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တချို့အား မစ္စတာတိန့်ရှိကျွန်း တွေ့ဆုံ။

**၂၀၂၃ ခုနှစ် မတ် ၆**
နေပြည်တော်သို့ ထပ်မံသွားရောက်ပြီး စစ်ကောင်စီဥက္ကဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) ဥက္ကဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့အား တွေ့ဆုံ။

**၂၀၂၃ ခုနှစ် မတ် ၁၅**
စစ်ကောင်စီ၏ တရုတ်နိုင်ငံဆိုင်ရာ သံအမတ် ဦးတင်မောင်ဆွေနှင့် အာရှရေးရာအထူးသံ မစ္စတာတိန့်ရှိကျွန်းတို့ တရုတ်နိုင်ငံ ဘေကျင်းမြို့၌ တွေ့ဆုံ။

## ၃။ တရုတ်နိုင်ငံ၏ ကြားဝင်မှုကို မြောက်ပိုင်းမဟာမိတ် ကြိုဆို

တရုတ်အထူးကိုယ်စားလှယ် မစ္စတာ တိန့်ရှီကျွန်းရဲ့ ခရီးစဉ်အပြီးမှာ ‘ဝ’ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) နဲ့ မြောက်ပိုင်းမဟာမိတ်အပါအဝင် EAOs ခုနစ်ဖွဲ့ရဲ့ ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) ထိပ်သီးခေါင်းဆောင်တွေရဲ့ အစည်းအဝေး လုပ်ခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် မတ် ၁၅-၁၆ ရက်က ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ခမ်းမြို့မှာ ပြုလုပ်ခဲ့တဲ့ FPNCC အစည်းအဝေးအပြီး ထွက်ခဲ့တဲ့ ထုတ်ပြန်ချက်မှာ **‘မြန်မာနိုင်ငံအတွင်း ဖြစ်နေတဲ့ ပြည်တွင်းပဋိပက္ခတွေ ပြေလည်ချုပ်ငြိမ်းရေးအတွက် တရုတ်နိုင်ငံရဲ့ ကြားဝင်ဆောင်ရွက်မှုကို ကြိုဆိုထောက်ခံကြောင်း’** ပါခဲ့ပါတယ်။ **ဒါ့အပြင် ‘ဗမာပြည်မနဲ့ အလုံးစုံငြိမ်းချမ်းရေး တည်ဆောက်ပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတရပ် ထူထောင်ရမယ်လို့ ယူဆကြောင်း၊ ဒီယူဆချက်ကို အကောင်အထည်ဖော်ဖို့ နည်းလမ်းမျိုးစုံရှိနေပေမဲ့ နောက်ဆုံးမှာ ၎င်းတို့ လူနည်းစုတိုင်းရင်းသားများရဲ့ အင်အားနဲ့ အစွမ်းအစကိုသာ အားကိုးရမယ်’**ဆိုတဲ့ အချက်လည်း ပါခဲ့ပါတယ်။ ဒီထုတ်ပြန်ချက်မှာလည်း နယ်စပ်ဒေသတည်ငြိမ်ရေးအပါအဝင် ကုန်သွယ်ရေးနဲ့ အခြားကဏ္ဍအသီးသီးတွေမှာပါ တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မယ်လို့ ဖော်ပြခဲ့ပါတယ်။

တရုတ်အထူးကိုယ်စားလှယ် တိန့်ရှီကျွန်းရဲ့ မြန်မာနိုင်ငံခရီးစဉ်အပြင် FPNCC အစည်းအဝေး ထုတ်ပြန်ချက်တွေအရ **တရုတ်နိုင်ငံအနေနဲ့ မြန်မာ့အရေးမှာ အရင်လို ထဲထဲဝင်ဝင် ပြန်ပါလာမယ့်ပုံ**ရှိပါတယ်။ ဒါဟာ အမေရိကန်အစိုးရရဲ့ NDAA နောက်ဆက်တွဲဂယက်ကြောင့် ဖြစ်နိုင်သလို၊ ကိုဗစ်အလွန် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ စီမံကိန်းကိစ္စတွေ အရှိန်မြှင့်ချင်တာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ တဖက်မှာလည်း အာဏာသိမ်းမှုအလွန် မြန်မာ-တရုတ် ကုန်သွယ်ရေးမှာ တရားမဝင်ကုန်သွယ်မှုက ကြီးထွားနေပါတယ် (ISP Data Matters **အမှတ် – ၄၁ ကို ရှုပါ**)။ ဒါတွေဟာ စစ်ကောင်စီ တခုတည်းအတွက်သာမက နယ်စပ်တကြောမှာလှုပ်ရှားနေတဲ့ EAOs တွေရဲ့ အကျိုးစီးပွားနဲ့လည်း သက်ဆိုင်နေတာဖြစ်လို့ ၁၉၉၀ ပြည့်နှစ်အလွန်ကာလမျိုး ပြန်ရောက်နိုင်ခြေ ရှိ၊ မရှိကို ဆက်လက်စောင့်ကြည့်ရပါလိမ့်မယ်။

တရုတ်အစိုးရနှင့် စစ်ကောင်စီအကြား
ကုန်သွယ်မှုတန်ဖိုး ကိန်းဂဏန်းကွာဟချက်

SCAN THIS CODE

အလေးထားရမည့် ဒေတာအချက်အလက်များ အမှတ် - ၄၁ ➤

## ၄။ နေရပ်စွန့်ခွာ ရိုဟင်ဂျာများ ပြန်လက်ခံနိုင်ရေးပြင်ဆင်မှု တရုတ်သံအမတ်သွားကြည့်

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ် မစ္စတာချန်းဟိုင်ဟာ မတ် ၈-၉ ရက်တွေမှာ ရခိုင်ပြည်နယ်ကို သွားခဲ့ပြီး **နေရပ်စွန့်ခွာ ရိုဟင်ဂျာဒုက္ခသည်တွေ ပြန်လည်လက်ခံနိုင်ရေး ပြင်ဆင်မှုတွေ**အပေါ် လေ့လာခဲ့ပါတယ်။ ဒီခရီးကို စစ်ကောင်စီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးကိုကိုလှိုင်က ဖိတ်ခဲ့တာဖြစ်ပြီး မစ္စတာချန်းဟိုင်အပြင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နဲ့ အာဆီယံနိုင်ငံတွေက သံအမတ်တွေ၊ အာဆီယံလူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Center) က ကိုယ်စားလှယ်တွေလည်း ပါခဲ့ပါတယ်။ **တရုတ်နိုင်ငံအနေနဲ့ ရိုဟင်ဂျာဒုက္ခသည်တွေ ပထမအသုတ် ပြန်လည်ပို့ဆောင်ရေးနဲ့ နေရာချထားရေးမှာ ကူညီမှာ**ဖြစ်ပြီး၊ ရခိုင်ပြည်နယ်မှာရှိတဲ့ အခြေခံအဆောက်အအုံနဲ့ လုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ဖို့ တရုတ်ကုမ္ပဏီတွေကို ပူးပေါင်းဆောင်ရွက်စေမယ်လို့လည်း မစ္စတာချန်းဟိုင်က ပြောခဲ့ပါတယ်။ ရိုဟင်ဂျာဒုက္ခသည်များ နေရပ်ပြန်ပို့ရေးအစီအစဉ်ကို ၂၀၁၇ ခုနှစ်ကတည်းက (တရုတ်အစိုးရကျောထောက်နောက်ခံနဲ့) မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်အစိုးရအကြား သဘောတူလက်မှတ်ထိုးခဲ့ပေမဲ့ လက်ရှိအချိန်အထိ အကောင်အထည်မပေါ်သေးပါဘူး။

ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း

ISP-Myanmar ကရေးသားထားသော
ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းအကြောင်း အပြည့်အစုံဖတ်ရှုရန် ➤

SCAN THIS CODE

ရခိုင်ပြည်နယ်ခရီးစဉ်အတွင်းမှာပဲ မစ္စတာချန်းဟိုင်ဟာ တရုတ်နိုင်ငံပိုင် Power China ကုမ္ပဏီက ဆက်ပြီး အကောင်အထည်ဖော်နေတဲ့ **ကျောက်ဖြူ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကိုလည်း သွားခဲ့**ပါတယ်။ ရခိုင်ပြည်နယ်မှာ မြန်မာ-တရုတ်စီးပွားရေးစင်္ကြံရဲ့ မဟာဗျူဟာကျစီမံကိန်းတခုဖြစ်တဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ရေနက်ဆိပ်ကမ်းစီမံကိန်းနဲ့ ပြန်လည်ပြည့်ဖြိုးမြဲ ဓာတ်အားပေးစက်ရုံ စသဖြင့် တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများစွာ ရှိနေပါတယ်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းကို ဘက်စုံဆန်းစစ်ပြီး အကောင်အထည်ဖော်မယ်လို့ စီမံကိန်းလုပ်ငန်းရှင်တွေကို စစ်ကောင်စီဥက္ကဋ္ဌက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှာ ပြောထားပါတယ်။

## ၅။ ယူနန်ကို ကြားခံလာသည့် ချဉ်းကပ်မှုပုံစံသစ်များ

တရုတ်အစိုးရရဲ့ ‘ကိုဗစ်အမြစ်ဖြတ်ရေးမူဝါဒ’ (Zero-COVID Policy) ဖျက်သိမ်းပြီးတဲ့နောက် မြန်မာနိုင်ငံနဲ့ ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်ဖို့ တရုတ်အစိုးရဘက်က လုပ်လာပါတယ်။ ဖေဖော်ဝါရီ ၁၄-၁၅ ရက်တွေမှာ တရုတ်နိုင်ငံ ယူနန်ပြည်နယ် **ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာလီချန်းယန်ဟာ စစ်ကောင်စီကိုလာတွေ့ခဲ့သလို၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ကိုလည်းသွားခဲ့**ပါတယ်။ ဒါဟာ ကိုဗစ်အလွန် နယ်စပ်ဂိတ်အဖွင့်မှာ တရုတ်နိုင်ငံဘက်က ဒေသအဆင့် အာဏာပိုင်တွေထဲက တဦး ပထမဆုံး လာခဲ့တာဖြစ်ပါတယ်။ စစ်ကောင်စီနဲ့ တွေ့ဆုံချိန်မှာ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနဲ့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စတွေ ဆွေးနွေးခဲ့ပါတယ်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်က UMFCCI နဲ့ တွေ့ချိန်မှာတော့ နယ်စပ်ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်ဓာတ်အားနဲ့ အခြေခံအဆောက်အအုံ တည်ဆောက်ရေးကဏ္ဍတွေမှာ လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဖို့ ဆွေးနွေးခဲ့ပါတယ်။ ဒီ**ဆွေးနွေးပွဲကို မြန်မာ–တရုတ် စီးပွားရေးအသိုင်းအဝိုင်းက လူပုဂ္ဂိုလ် ၁၀၀ ကျော်တက်ခဲ့ပါတယ်။** မြန်မာနိုင်ငံဟာ ယူနန်ပြည်နယ်ရဲ့ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ပြီး အခုအခြေအနေသစ်မှာ မြန်မာ-ယူနန် စီးပွားရေးနဲ့ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစေလိုတယ်လို့ မစ္စတာလီချန်းယန်က ပြောခဲ့ပါတယ်။ စစ်အာဏာသိမ်းမှုအလွန် ထိပ်သီးခေါင်းဆောင်ချင်း ထိတွေ့ဆက်ဆံမှုမျိုးကို သတိထားရှောင်ရှားနေချိန်မှာ တရုတ်အစိုးရဟာ ယူနန်ပြည်နယ် ဒေသအာဏာပိုင်ကတဆင့် စစ်ကောင်စီနဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်ဖို့ စဉ်းစားလာတာဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှာတော့ ယူနန်ပြည်နယ်၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်းဟာ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စတွေအတွက် UMFCCI နဲ့ ဆွေးနွေးခဲ့ပါတယ်။ ပို့ကုန်ထုတ်လုပ်ရေး ဥယျာဉ်ဇုန်တခု အကောင်အထည်ဖော်ဖို့လည်း တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်းနဲ့ **အောင်ရွှေထီးအများပိုင်ကုမ္ပဏီလီမိတက်**[၂] **တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ထိုးခဲ့ပါတယ်။**

---

၂ အောင်ရွှေထီးအများပိုင်ကုမ္ပဏီသည် ရောဝတီတိုင်း ညောင်တုန်းမြို့နယ်တွင် အခြေစိုက်ပြီး ဆောက်လုပ်ရေးနှင့် ကုန်ထုတ်လုပ်ရေးပိုင်း လုပ်ဆောင်သည့် ကုမ္ပဏီတခုဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး UMFCCI အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုးက ဦးဆောင်စီမံခန့်ခွဲလျက်ရှိသည်။

## အာဏာသိမ်းမှုအလွန် မြန်မာ-ယူနန်ဆက်ဆံရေးမှ အာရုံစိုက်စရာဖြစ်ရပ်များ

**၂၀၂၁ ခုနှစ် မေ ၁၉**
ယူနန်ပြည်နယ်အစိုးရ နိုင်ငံခြားရေးရာရုံး လက်ထောက်ညွှန်ကြားရေးမှူးနှင့် စစ်ကောင်စီ၏ ကူမင်းမြို့ကောင်စစ်ဝန်ချုပ်တို့ တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် နယ်စပ်စီးပွားရေးရာ ပူးပေါင်းဆောင်ရွက်မှုဖုန်များ တည်ထောင်ရေး ဆွေးနွေး။

**၂၀၂၁ ခုနှစ် ဩဂုတ် ၁၇**
ယူနန်ပြည်နယ် နိုင်ငံတကာစီးပွားရေး နည်းပညာ ကူးလူးဖလှယ်ရေးစင်တာနှင့် ယူနန် ဘဏ္ဍာရေးနှင့်စီးပွားရေးတက္ကသိုလ်တို့က စစ်ကောင်စီဝန်ထမ်းများအား ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) မွမ်းမံသင်တန်းပေးခဲ့။

**၂၀၂၂ ခုနှစ် ဧပြီ ၂၈**
မြန်မာ-တရုတ် နယ်စပ်ဂိတ် ကုန်စည်စီးဆင်းမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယူနန်ပြည်နယ်အစိုးရ၊ တရုတ်သံအမတ်နှင့် စစ်ကောင်စီတို့အကြား ပြုလုပ်။

**၂၀၂၂ ခုနှစ် ဇွန် ၈**
မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး တက်ဟုန်းပြည်နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့် စစ်ကောင်စီ၏ ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်တို့ တွေ့ဆုံ။

**၂၀၂၂ ခုနှစ် ဇူလိုင် ၂၄**
တရုတ်နိုင်ငံ ယူနန်အစိုးရသည် ကူမင်း-ရန်ကုန်၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ ပါဝင်သော နိုင်ငံတကာခရီးသွားစကြံင်္ငါးခု တည်ဆောက်ရေး အရှိန်မြှင့်တင်မည်ဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးကထုတ်ပြန်။

**၂၀၂၂ ခုနှစ် ဩဂုတ် ၂**
ယူနန်ပြည်နယ် နိုင်ငံတကာစီးပွားရေးနည်းပညာ ကူးလူးဖလှယ်ရေးစင်တာမှ စစ်ကောင်စီဝန်ထမ်းများအား မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် စွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းပေး။

**၂၀၂၂ ခုနှစ် ဩဂုတ် ၁၃**
မြန်မာနိုင်ငံအခြေစိုက် ယူနန်(တရုတ်) ကုန်သည်ကြီးများအသင်း (Myanmar Yunnan (China) Chamber of Commerce) ကို စတင်တည်ထောင်။

**၂၀၂၂ ခုနှစ် စက်တင်ဘာ ၂**
စစ်ကောင်စီ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း နေပြည်တော်ရုံး၏ ညွှန်ကြားရေးမှူးတို့ နေပြည်တော်တွင် တွေ့ဆုံ။

**၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃**
မူဆယ်-ရွှေလီ နယ်စပ်ဂိတ်များပြန်ဖွင့်ရေး၊ တရားမဝင် တရုတ်နိုင်ငံသားများ လွှဲပြောင်းရေးနှင့် ကျပ်/ယွမ် ငွေပေးချေနိုင်ရေးကိစ္စများအတွက် ရွှေလီမြို့တော်ဝန်နှင့် စစ်ကောင်စီ၏ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးတို့ ဆွေးနွေး။

**၂၀၂၃ ခုနှစ် ဇန်နဝါရီ ၈**
သုံးနှစ်နီးပါးပိတ်သည့် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ နယ်စပ်ဂိတ်များကို တရုတ်နိုင်ငံဘက်က ပြန်ဖွင့်ပေးခဲ့။

**၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၄**
မူဆယ်-ကျယ်ဂေါင် နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ မန့်ဝန်း-ကျယ်ဂေါင်ဂိတ်ကို မြန်မာဘက်က ပြန်ဖွင့်။

**၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၂**
ယူနန်ပြည်နယ်၊ မန်စီမြို့မှ မန္တလေးမြို့သို့ တိုက်ရိုက်ပျံသန်းသည့် ရွှေလီလေကြောင်းလိုင်းကို ကိုဗစ်အလွန်ကာလတွင် ပထမဆုံးအကြိမ် ပြန်လည်ပြေးဆွဲ။

**၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၅**
မူဆယ်-ကျယ်ဂေါင် နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ လူဝင်လူထွက်ဂိတ်များဖြစ်သည့် နန်းတော်ဂိတ်နှင့် ဆင်ဖြူဂိတ်တို့ကို မြန်မာနိုင်ငံဘက်က ပြန်ဖွင့်။

**၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇**
ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးနှင့် အောင်ရွှေထီး အများပိုင်ကုမ္ပဏီလီမိတက်တို့အကြား ပို့ကုန်ထုတ်လုပ်ရေးဥယျာဉ်ဇုန် အကောင်အထည်ဖော်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ထိုး။

**၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၄**
ယူနန်ပြည်နယ်၊ ကူးသန်းရောင်းဝယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စစ်ကောင်စီတို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရန်ဆွေးနွေး။

**၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၄**
ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများအတွက် တက်ဟုန်းခရိုင် ကုန်သည်ကြီးများအသင်းက မြန်မာကုန်သည်စက်မှုအသင်းချုပ်ရုံးသို့ လာရောက်ဆွေးနွေး။

**၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၅**
စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ယူနန်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်တို့ ဆွေးနွေး။

**၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈**
ကချင်ပြည်နယ် လွယ်ဂျယ်နယ်စပ်ဂိတ်တွင် လူအဝင်အထွက်ခွင့်ပြုပြီဖြစ်ကြောင်း ယူနန်ပြည်နယ် လုံချွမ်းမြို့ နိုင်ငံခြားရေးဌာနက ထုတ်ပြန်။

**၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃**
မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုတွင် အရေးပါသော နယ်စပ်ဂိတ်ဖြစ်သည့် ချင်းရွှေဟော်-လင်ချန်းဂိတ်ကို အပြည့်အဝပြန်ဖွင့်။

**၂၀၂၃ ခုနှစ် မတ် ၁**
Yunnan Machinery and Equipment Import and Export ကုမ္ပဏီ အပါအဝင် ကုမ္ပဏီသုံးခုနှင့် စစ်ကောင်စီအကြား မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းအောက်ရှိ လေအားလျှပ်စစ်စီမံကိန်းသုံးခုကို တည်ဆောက်ရန် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ထိုး။

အဲဒီစီမံကိန်းဟာ **‘ရွှေတုံးရော ပို့ကုန်ထုတ်လုပ်ရေးဥယျာဥ်ဇုန်’အမည်နဲ့ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှာ အကောင်အထည်ဖော်မယ့် စီမံကိန်း**ဖြစ်ပါတယ်။

ဒီစီမံကိန်းမှာ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးစံပြဇုန်၊ စားသောက်ကုန်ထုတ်လုပ်ရေးနဲ့ ကုန်ချောပေး လက်ခစား CMP စက်ရုံတွေ တည်ဆောက်ဖို့ပါပါတယ်။ ဒါ့အပြင် မန္တလေးမြို့အခြေစိုက် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက လုပ်ငန်းရှင် ၂၁ ဦးပါဝင်တဲ့အဖွဲ့ဟာ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့ မတ် ၁၄ ရက်ကနေ ၁၇ ရက်အထိ ရွှေလီမြို့နဲ့ မန်စီမြို့တွေကို သွားရောက်လေ့လာခဲ့ပါတယ်။ မြန်မာ-တရုတ် နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်စီမံကိန်း အကောင်အထည်ဖော်မယ့် ရွှေလီနယ်စပ်ဂိတ်အပါအဝင် ရွှေလီမြို့နဲ့ မန်စီမြို့က တရုတ်စိုက်ပျိုးရေးနဲ့ စက်မှုလုပ်ငန်းတွေကို တရုတ်နိုင်ငံရဲ့ဖိတ်ခေါ်မှုနဲ့အတူ သွားရောက်လေ့လာခဲ့တာပါ။ ဒါဟာ စီးပွားရေးစင်္ကြံရဲ့ ကျောရိုးစီမံကိန်းတခုဖြစ်တဲ့ နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တွေ အကောင်အထည်ဖော်ဖို့ တရုတ်ဘက်က ပိုပြီးအာရုံစိုက်လာတာလည်း ဖြစ်ပါတယ်။

SCAN THIS CODE

နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ

ISP-Myanmar ကရေးသားထားသော မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များအကြောင်း အပြည့်အစုံဖတ်ရှုရန် ➤

တရုတ်အစိုးရက ယူနန်ကိုကြားခံပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့ လုပ်လာချိန်မှာ လေအားလျှပ်စစ်စီမံကိန်းသုံးခု အကောင်အထည်ဖော်ဖို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ခြင်းကလည်း အာရုံစိုက်စရာတခုဖြစ်ပါတယ်။ မြန်မာ-တရုတ်စီးပွားရေးစင်္ကြံအောက် **ရခိုင်ပြည်နယ် အမ်း၊ ဂွနဲ့ သံတွဲမြို့နယ်တွေမှာလုပ်မယ့် လေအားလျှပ်စစ်စီမံကိန်းသုံးခုအတွက် စစ်ကောင်စီနဲ့ ကုမ္ပဏီသုံးခုအကြား နားလည်မှုစာချွန်လွှာရေးထိုး**တာကို ၂၀၂၃ ခုနှစ် မတ် ၁ ရက်မှာ လုပ်ခဲ့ပါတယ်။ ကုမ္ပဏီသုံးခုထဲမှာ Yunnan Machinery and Equipment Import and Export Co., Ltd. ဆိုတဲ့ ယူနန်အခြေစိုက် ကုမ္ပဏီတခုလည်းပါခဲ့ပါတယ်။ အခြားနှစ်ခုကတော့ ဟောင်ကောင်အခြေစိုက် Asia Ecoenergy Development Limited နဲ့ ပြည်တွင်းက Primus Advanced Technologies Limited တို့ ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်ရောက်ရင် ဒီစီမံကိန်းတွေကနေ **စုစုပေါင်း လျှပ်စစ်ဓာတ်အား ၃၆၀ မဂ္ဂါဝပ်လောက်**ထုတ်ဖို့ ခန့်မှန်းထားပါတယ်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်ကလည်း စစ်ကောင်စီရဲ့ တရုတ်နိုင်ငံဆိုင်ရာ သံအမတ် ဦးတင်မောင်ဆွေနဲ့ တရုတ်အစိုးရပိုင် Power China ကုမ္ပဏီဥက္ကဋ္ဌတို့ ဘေကျင်းမှာ တွေ့ခဲ့ပါတယ်။ သူတို့တွေ့ဆုံမှုမှာလည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းတွေ တိုးမြှင့်ဆောင်ရွက်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ စစ်အာဏာသိမ်းမှုအလွန် ကျောက်ဖြူမြို့မှာ ရေအားလျှပ်စစ်နဲ့ စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ၊ ပွင့်ဖြူ၊ မြစ်သားနဲ့ ရွှေကျင်မြို့တွေမှာ နေရောင်ခြည်သုံးဓာတ်အားပေးစက်ရုံစတဲ့ လျှပ်စစ်စီမံကိန်းတွေကို Power China ကုမ္ပဏီက အကောင်အထည်ဖော်ခဲ့ပါတယ်။ တချိန်တည်းမှာပဲ မြန်မာ-တရုတ် လျှပ်စစ်ဓာတ်အားစနစ် အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ရေး စီမံချက် အကောင်အထည်ဖော်ဖို့ စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းသွားမယ်လို့ စစ်ကောင်စီက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှာ သတင်းထုတ်ပြန်ထားပါတယ်။ ဒီအချက်အလက်တွေကို ကြည့်ရင်လည်း ယူနန်ပြည်နယ်မှာ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ရှိနေတာကို ဖြည့်ဆည်းတဲ့အခါ မြန်မာနိုင်ငံက အရေးပါတဲ့နေရာမှာရှိနေတာ ပေါ်လွင်စေပါတယ်။ ■

ရည်ညွှန်း


Bhaya, A. G. (2017, November 23). Bangladesh, Myanmar sign off on Rohingya refugee repatriation deal. CGTN. https://news.cgtn.com/news/306b6a4e78637a6333566d54/share_p.html

Hadano, T. (2023, March 8). China to move finance and tech under direct party oversight. Nikkei Asia. https://asia.nikkei.com/Politics/China-People-s-Congress/China-to-move-finance-and-tech-under-direct-party-oversight

NPC Observer. (2022, September 7). Law Against Telecom and Online Fraud. NPC Observer. https://npcobserver.com/2022/09/07/legislation-summary-chinas-new-law-to-fight-telecom-and-internet-fraud/

Xinhua. (2023, February 27). 中国共产党第二十届中央委员会第二次全体会议在北京开始举行. http://cpc.people.com.cn/n1/2023/0227/c64094-32631783.html

တာ့ကျိုမြို့ ပြည်သူ့အစိုးရ. (၂၀၂၃ ဖေဖော်ဝါရီ ၂၄) 紧急提醒！非必要不得前往这些地方. ကမ္ဘောဒီးယားနိုင်ငံအပါအဝင် နိုင်ငံရှစ်ခုသို့ မလိုအပ်ဘဲ ခရီးမသွားရန် တားမြစ်ကြောင်း အမိန့်ကြေညာစာ. https://www.dazhou.gov.cn/news-show-245599.html

နိုင်ငံတော်တရားရုံးချုပ် (၂၀၂၂ ဇူလိုင် ၂၂) 最高检：帮信罪已成为刑事犯罪起诉人数排第三的罪名. http://www.news.cn/legal/2022-07/22/c_1211669528.htm

GUOPING, L., RUOHONG, F., & JIA, D. (2023, March 1). China’s Yunnan whacks power usage by aluminum producers again. Nikkei Asia. https://asia.nikkei.com/Spotlight/Caixin/China-s-Yunnan-whacks-power-usage-by-aluminum-producers-again?fbclid=IwAR2v_sWDlKyOA2q3uweNvf9Oly_pywF2LwJB8aukUORseah9qg5TmUnWkq8

www.ISPMyanmar.com/community

# Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202